# သူငယ်ချင်း

FRIEND

စာရေးသူ

မင်းသရ



အမြင့်ကိုရောက်နေတယ်ထင်တဲ့အခါ

ကိုယ့်အပေါ်ကလူတွေကိုကြည့်လိုက် ...

တော်တော်နိမ့်ကျနေပြီလို့စိတ်ထဲမှာထင်တဲ့အခါ

ကိုယ့်အောက်ကလူတွေကိုကြည့် ...

ဒါဟာလောကကြီးရဲ့ပုံမှန်သဘောပါပဲ

( ဒါကြောင့် နည်းနည်းခါးသက်သက်ဖြစ်နေတာ )

# သူငယ်ချင်း

ယနေ့သည် ကျွန်တော်တို့ သူငယ်ချင်းများ ပြန်လည် ဆုံတွေ့ရမည့် နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်လေသည် ။ အခြားတော့မဟုတ်...။ ကျောင်းသားဟောင်းများ တွေ့ဆုံခွင့် ရစေသော ဆရာကန်တော့ပွဲ ကျင်းပမည် ဖြစ်သောကြောင့်ပင်...။ အပူအပင်များကို ခေတ္တခဏ မေ့ဖျောက်ပြီး ငယ်မူပြန်ရသော နေ့ဟု ဆိုလျှင်လည်း မှားမည် မဟုတ်ပေ။

မနိုးစဖူး မနက်အစောကြီး ထကာ ရေချိုးပြီးသည် နှင့် မနက်စာပင် မစားတော့ဘဲ ကျောင်းသို့ သုတ်ချေတင်တော့သည် ။ ကျောင်းသို့ ရောက်သည် နှင့်...

"ဟော့ကောင် အံ့မင်း..."

"ဟာ ... ကျော်ကြီး... မင်းလာတယ်ပေါ့"

"အေးပေါ့ကွ..."

"မိန်းမရသွားတော့ အလုပ်တွေရှုပ်ပြီး မလာဘူး ထင်နေတာ"

"မင်းကလည်း ... အားအောင်လုပ်ပြီး လာရတာပေါ့ဟ"

ငယ်သူငယ်ချင်းလည်း ဖြစ် အတန်းထဲမှာ ငြိမ်ငြိမ်လေးထိုင်ပြီး ပေါက်ကရ အပြောဆုံး ကောင်လည်း ဖြစ်သည့် "ကျော်ကျော်" နှင့်ပြန်တွေ့ရ၍ ကျွန်တော် အလွန် ပျော်ရပါသည် ။ သူသည် ငယ်ငယ်ရွယ်ရွယ်နှင့်

အိမ်ထောင် ကျခဲ့သော်လည်း မိဘတွေက သဘောမတူ၍ ခွဲထားခံရသည့် မယားတစ်ယောက် ပိုင်ရှင်ဖြစ်သည် ။ သို့သော် သူ့မိန်းမနှင့် မပြတ်စဲသေးကြောင်း၊ အပြင်မှာ တွေ့ဖြစ်နေဆဲ ဖြစ်ကြောင်း သိရသည် ။ ထိုအဖြစ်ကို စိတ်မကောင်း ဖြစ်မိသော်လည်း သူက မည်သူ သနားသည်ကိုမျှ လက်မခံတတ်သော ခေါင်းမာသူ တစ်ဦးလည်း ဖြစ်သည် ။ ထို့အပြင် စိတ်ထဲမှာ ရှိသည် ကို ထုတ်ပြောလေ့မရှိသော ခပ်ပေပေ ခွေးကောင်လည်း ဖြစ်လေသည် ။ ဤသည် ကား ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း ဆိုးဆိုးလေးပင်...။

တဖြည်းဖြည်းနှင့် သူငယ်ချင်းများ တဖွဲဖွဲ ရောက်ရှိ လာပြီးနောက် ဆရာကန်တော့ပွဲ ကျင်းပရာ ဟောခန်းထဲသို့ ဝင်ကြပြီး ဆုံးမသြဝါဒများ နာခံရင်း ကန်တော့ ကြရလေသည် ။ သင်ခဲ့ရသောဆရာ၊ ဆရာမများကို နှုတ်ဆက်ပြီး စကြ၊နောက်ကြနှင့် အလွန်ပင် ပျော်စရာ ကောင်းလှသည် ။ ကန်တော့ပွဲပြီးသောအခါ ကျောင်းစကြိုလမ်းရှေ့မှာ လူစုကြပြီးနောက် "ကျော်ကျော်"က...

"သဲရေ..."

"ဟေ"

"ကျော့်ကို သတိမရဘူးလား"

"မရပါဘူး ကျော်ရယ်"

"ဝမ်းသာလိုက်တာ ကွယ်... ဟိုးချစ်စ ခင်စ ကြင်နာစ တုန်းက သဲပဲ ကျော့်ကိုတွေ့ရာသင်္ချိုင်း ဓားမဆိုင်းဆို"

"အို... လုပ်ရက်ပ့ါမလား ကျော်ရယ်... စိတ်ဆိုးတုန်း ခဏပြောမိတာကို"

"ဩော်... အဲဒီအပြောလေးတွေကြောင့် ကျော်က သဲက သောက်မြင်ကတ် နေရတာပေ့ါ"

"ဟား ဟား ဟား ဟား"

သူတို့ ဘာသာပြောပြီး သဘောကျနေကြခြင်း ဖြစ်သည် ။ သူတို့ ဆိုသည် မှာ "ကျော်ကျော်" နှင့် "လဲ့ယမင်း"တို့ နှစ်ဦးကို ဆိုလိုခြင်းဖြစ်သည် ။ "ကျော်ကျော်"က ယောကျ်ားလေး သူငယ်ချင်းဆိုလျှင် "သားကြီး"၊ "ယောက်ဖ" စသည် ဖြင့် ခေါ်လေ့ရှိပြီး မိန်းကလေး သူငယ်ချင်းဆိုလျှင် "သဲ"ဟူ၍ လည်းကောင်း၊ "သမီး"ဟူ၍ လည်းကောင်း ခေါ်ဝေါ်လေ့ရှိလေသည် ။ ကျောင်းတုန်းက အကျင့်ကို ယခုအချိန်ထိ မဖျောက်နိုင်ကြသေးဘဲ သာသည် ၊ နာသည် မရှိ စနောက် ခေါ်နေမိကြဆဲပင်။ သူတို့ စကားဝိုင်းထဲသို့ "မျိုးကြီး"ပါ ဝင်ရောက် လာပြီး...

"ဟေ့ကောင်တွေ... မင်းတို့ အငြိမ့်ပြန်မကချင် ဘူးလား"

"အယ်... ငါကပြက်လုံးတောင် အမြဲ စဉ်းစားမိနေသေး"

"အဲဒီတုန်းက ပျော်စရာကြီးနော်... ငါတို့ လက်ဖက်သုပ်ဆိုင်မှာ အပီပျော်ကြတာလေ"

"အေးကွာ... အခွင့်အရေးရရင်တော့ တစ်ခေါက်လောက် စင်ပေါ် တက်ချင်မိသေး"

ဟုတ်ပါသည် ။ ကျွန်တော် အပါအဝင် "ကျော်ကျော်"ရော "မျိုးကြီး"ပါ အခြား သူငယ်ချင်း တချို့နှင့် ကျောင်းပွဲမှာ အငြိမ့်ကခဲ့ကြဖူးသည် ။ အမြဲတစေ တည်ငြိမ်၍ ရသူများ မဟုတ်၍ အထူးတလည် ပြောင်ကြရန် ကြိုးစားစရာ မလိုသော်လည်း အငြိမ့်ကသည့် အခါမှာ တော့ ပြက်လုံးအတွက် အကုန် ခေါင်းစားခဲ့ရဖူးသည် ။ "ကျော်ကျော်" နှင့် "မျိုးကြီး" ကပြ

က်လုံးအတွက် အဓိက တာဝန်ယူရှာပေးခဲ့၍ သာ ခံသာတော့သည် ။ ထို ပွဲကလေးကိုပင် ကျွန်တော်တို့ တစ်လနီးပါး နေ့စဉ်ရက်ဆက် လေ့ကျင့် ခဲ့ရသေးသည် ။ လွမ်းမိပါသေးသည် ။

ကျွန်တော်တို့ သူငယ်ချင်းများ ထဲတွင် တက္ကသိုလ် အသီးသီး၌ ပညာ သင်ယူနေကြသူများ ရှိသကဲ့သို့ အဝေးသင်တက်ကာ အလုပ် လုပ်နေကြ သူများ လည်း ပါဝင်လေသည် ။ မည်သို့ပင်ဖြစ်စေ ယခုအချိန်တွင် အား လုံးမှာ အထက်တန်း ကျောင်းသားလေးများ ကဲ့သို့ နုပျိုနေကြလေသည် ။ ရှေးဟောင်း နှောင်းဖြစ်များ ပြောလိုက် ပေါက်ကရတွေ ပြောလိုက်နှင့် အလွန်အမင်း ပျော်ရွှင်နေကြလေသည် ။ ကျား၊မ အနေအထားတွေကို ဘေးချိတ်ပြီး စည်းလွတ် ဘောင်လွတ် စကားလုံးများကိုပင် ဟာသများ အဖြစ်သာ မြင်မိကြလေသည် ။

ရယ်စရာများ ပြောပြီးနောက် မောစရာ အလှည့်ရောက်ပြီ ဖြစ်၍ လားမသိ…။ အားလုံးကို နှုတ်ဆက်ပြီး "ကျော်ကျော်"တစ်ယောက် ပြန် သွားလေသည် ။ "လဲ့ယမင်း"က ကျွန်တော့်ကို…

"ဟဲ့… အံ့မင်း"

"ဟေ…"

"နင် ကျော်ကြီးကို သတိထားမိလား"

"ဘာကိုလဲဟ"

"ဒီကောင် အရင်လိုပဲ ပေါက်ကရတွေ ပြောတုန်းနော်"

"ဟာ… ဒီကောင် အဲဒီလိုပဲဟာ… ဘာလို့ လဲ"

"သူ့မျက်နှာက အရင်လောက် မလန်းဆန်းဘူးဟ"

"အံမယ်... နင်ကသူ့ကို သေသေချာချာ လေ့လာနေတာကိုး...ဟိုက မိန်းမနဲ့ ပါဟယ်..."

"ဟာ... ဒီမသာကတော့... ငါက အတည်ပြောနေတာကို"

"ငါနားလည်ပါတယ်ဟာ... အစကတည်းက ထင်တော့ထင်သား... ကျော်ကြီး ရည်းစားတွေ အများကြီး ထားတုန်းက နင်နဲ့ ရော ကင်းရဲ့လားလို့ "

"တော်စမ်းပါဟယ်... တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထိုင်ရယ် နေကြမယ့်လူတွေကို"

"ဟားဟား"

ပေါက်ကရများ ပြောပြီး အရယ်အမော ကလေးနှင့်ပင် ကျွန်တော်တို့ စကားဝိုင်းကို အဆုံးသတ် လိုက်ကြပါသည် ။ ထိုနေ့ကစ၍ "ကျော်ကျော် "ကို သတိထားမိခဲ့သည် ။ သူအရင်လိုမဟုတ်။ စိတ်ညစ်စရာတွေ တနင့်တပိုး ရှိကြောင်း သူ့နှုတ်က မပြောဘဲ ကျွန်တော် အလိုလို သိခဲ့ရလေသည် ။

"သူငယ်ချင်းရေ... ဒုက္ခကိုတချို့က လှေကားထစ်လို့ ပြောကြတယ်... တချို့အတွက် ကျတော့ တောင်ကြီးတစ်လုံးကွ...။ ငါနားလည်တယ် သားကြီး... မင်းမှာ ဘာမှ မပါဘဲ တောင်တက်နေရပြီဆိုတာ"

***